**အာရှဖွံ့ဖြိုးရေးဘဏ်(ADB)မှ ပြုလုပ်မည့် Enhancing Roles of Supreme Audit Institutions in Selected Association of Southeast Asian Nations Countries Project အတွက် National Consultant လျှောက်ထားနိုင်ကြောင်း အသိပေးခြင်း**

၁။ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)မှ ပြုလုပ်မည့် Enhancing Roles of Supreme Audit Institutions in Selected Association of Southeast Asian Nations Countries Project မှာ အာဆီယံဒေသအတွင်းမှ ရွေးချယ်ထားသည့် မြန်မာနိုင်ငံအပါအဝင် နိုင်ငံ(၄)နိုင်ငံရှိ စာရင်းစစ်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍတိုးမြှင့်စေရေး နှင့် စာရင်းစစ်အဖွဲ့အစည်းများ၏နိုင်ငံတကာစံနှုန်းများ (International Standards of Supreme Audit Institutions - ISSAI) နှင့် ကိုက်ညီမှုရှိစေရေး တို့အတွက် ဆောင်ရွက်ရန် Technical Assistance (TA)ပေးမည့်စီမံကိန်း ဖြစ်ပါသည်။

၂။ ယင်း Technical Assistance (TA) ပေးရေးကိစ္စရပ်နှင့်စပ်လျဉ်း၍ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)အနေဖြင့် ISSAI ကျွမ်းကျင်ပညာရှင်ဖြစ်သည့် International Consultant(၁)ဦး နှင့် နိုင်ငံတစ်နိုင်ငံစီအတွက် ဘဏ္ဍာရေးစာရင်းစစ်ဆေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်ဖြစ်သည့် National Consultant(၁)ဦးစီနှင့် စုစုပေါင်း(၄)ဦး ငှားရမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၃။ National Consultant အဖြစ်လျှောက်ထားလိုသူသည် အကြမ်းဖျင်းအားဖြင့် အောက်ပါ သတ်မှတ်ချက်များနှင့်ပြည့်စုံရပါမည် -

(က) ဘဏ္ဍာရေးအစီရင်ခံခြင်းနှင့် စာရင်းစစ်ဆေးခြင်းဆိုင်ရာ အတွေ့အကြုံဗဟုသုတများ ရှိရမည်။

(ခ) ADB ၏လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာမူဝါဒများ၊ လမ်းညွှန်ချက်များ၊ လုပ်ငန်းဆောင်တာမူဘောင်သတ်မှတ်ချက်များ နှင့်စပ်လျဉ်းသည့်လုံလောက်သည့် ဗဟုသုတ ရှိရမည်။

(ဂ) National Consultant အနေဖြင့် International Consultant ထံမှ လမ်းညွှန်မှုခံယူ၍ ဤရုံး၏ ISSAI အကောင်အထည်ဖော်ဆောင်ရေးလုပ်ငန်းအဖွဲ့(Technical Working Group-TWG)နှင့် ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ပါသည်။

၄။ National Consultant သည် လစာကို performanced based ဖြင့်ရရှိနိုင်မည် ဖြစ်ပါသည်။ National Consultant ခေါ်ယူခြင်းကို ADB Website တွင် ကြေညာထားပြီး ဖြစ်ပါသည်။ ဤစီမံကိန်းနှင့်စပ်လျဉ်းသည့် အချက်အလက်များကိုလည်း Website တွင်ပင် လေ့လာနိုင်ပြီး Website လိပ်စာမှာ www.adb.org ဖြစ်ပါသည်။ National Consultant အဖြစ် လျှောက်ထားလိုသူများအတွက် deadline ကို ဇွန် ၁၉ ရက်မှ ဇွန် ၂၆ ရက် အထိ တိုးမြှင့်ထားကြောင်း၊ Application လျှောက်ထားရမည့် link ကို အသုံးပြုရန် အခက်အခဲရှိပါက amsantos@adb.org သို့ email ပေးပို့နိုင်ကြောင်း ADB မှ အသိပေးလာပါသည်။